လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများ၏ ပြင်ပလူနာဝန်ဆောင်မှုကို အလွယ်တကူလက်လှမ်းမီစေရေးအတွက် ပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုပြီး Provider Purchaser Split (Capitation) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့နှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် လူမှုဖူလုံရေး-မေတ္တာရှင်ဆေးခန်း၊ လူမှုဖူလုံရေး-ဒက္ခိဏဒီပါဆေးခန်း၊ လူမှုဖူလုံရေး-တော်ဝင်နဂါးဆေးခန်း(မြောက်ဒဂုံ)၊ လူမှုဖူလုံရေး-တော်ဝင်နဂါးဆေးခန်း(အင်းစိန်)၊ လူမှုဖူလုံရေး-ရွှေဟင်္သာဆေးခန်း၊ လူမှုဖူလုံရေး-ညောင်အင်းဆေးခန်း၊၊ လူမှုဖူလုံရေး -မယ်ဒီကဲလ်ဆေးခန်း(မှော်ဘီ)၊ လူမှုဖူလုံရေး-မယ်ဒီကဲလ်ဆေးခန်း(လှည်းကူး) ၊ လူမှုဖူလုံရေး-မယ်ဒီကဲလ်ဆေးခန်း(ရန်ကင်း) ၊ လူမှုဖူလုံရေး-မြသဇင်ဆေးခန်း(ဟင်္သာတ)တို့ဖြင့် ဆေးကုသမှုဝန်ဆောင်မှု ပေးလျက်ရှိပါကြောင်းနှင့် အဆိုပါဆေးခန်း (၁၀) ခန်းတွင် ၇/၂၀၂၄ လ၌ ဆေးကုသမှုခံယူနိုင်မည့် အာမခံအလုပ်သမားများ (Enrolled) စာရင်းများအား အများပြည်သူသိရှိနိုင်ရန် ကြေညာအပ်ပါသည်။

**မှတ်ချက်** ။ (၁) သက်ဆိုင်ရာဆေးခန်းအလိုက် Enrolled စာရင်းတွင် မပါဝင်သူများသည်လည်း မိမိတို့နှင့် နီးစပ်ရာလူမှုဖူလုံရေးနှင့် စာချုပ်ချုပ်ဆိုထားသော ဆေးခန်းများတွင် ဆေးကုသမှုခံယူလိုပါက မိမိတို့ထည့်ဝင်ကြေးပေးသွင်းသော မြို့နယ်ရုံးခွဲသို့ သွားရောက်၍ စာရင်းပေးသွင်းနိုင်ပါသည်။

(၂) Enrolled စာရင်းတွင် မပါဝင်သော်လည်း လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ပြီး လက်ရှိအချိန်အထိ ထည့်ဝင်ကြေးပေးသွင်းထားပါက နီးစပ်ရာလူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော ဆေးခန်းများတွင် ပိတ်ရက်မရှိတစ်ကြိမ် ဆေးကုသမှုခံယူခွင့်ရှိပြီး PPS ဆေးခန်း၌ ဆက်လက်ဆေးကုသမှုခံယူလိုပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆက်သွယ်၍ Enrolled စာရင်း၌ ပါဝင်နိုင်ရေးဆောင်ရွက်နိုင်ပါသည်။

## (၇/၂၀၂၄) လအတွက် အာမခံအလုပ်သမားဦးရေ Enrolled စာရင်း

| စဉ် | ဆေးခန်းအမည် | ရုံးခွဲအမည် | ပေးပို့ Enrolled ဦးရေ | အသေးစိတ် စာရင်း |
|---|---|---|---|---|
| ၁ | ဒက္ခိဏဒီပါဆေးခန်း | မြိတ်မြို့နယ်ရုံး | ၄၉၀၀ | Detail |
| ၂ | မေတ္တာရှင်ဆေးခန်း | ပြည်ကြီးတံခွန်မြို့နယ်ရုံး | ၃၇၀၀ | Detail |
| ၃ | ရွှေဟင်္သာဆေးခန်း | ပဲခူးမြို့နယ်ရုံး | ၄၆၀၀ | Detail |
| ၄ | ညောင်အင်းဆေးခန်း | ပဲခူးမြို့နယ်ရုံး | ၂၅၀၀ | Detail |
| ၅ | မယ်ဒီကဲလ်ဆေးခန်း (ရန်ကင်း) | မရမ်းကုန်းမြို့နယ်ရုံး | ၁၀၀ | Detail |
| | | သင်္ဃန်းကျွန်းမြို့နယ်ရုံး | ၅၈၃၈ | Detail |
| | | ဗိုလ်တထောင်မြို့နယ်ရုံး | ၂၈၉၈ | Detail |
| | | ကျောက်တံတားမြို့နယ်ရုံး | ၁၅၇ | Detail |
| | | တောင်ဒဂုံမြို့နယ်ရုံး | ၆ | Detail |
| | | ကမာရွတ်မြို့နယ်ရုံး | ၁ | Detail |
| ၆ | မယ်ဒီကဲလ်ဆေးခန်း (မှော်ဘီ) | မှော်ဘီမြို့နယ်ရုံး | ၂၅၉၈ | Detail |
| | | ကမာရွတ်မြို့နယ်ရုံး | ၂ | Detail |
| ၇ | မယ်ဒီကဲလ်ဆေးခန်း (လှည်းကူး) | မှော်ဘီမြို့နယ်ရုံး | ၄၀၀၀ | Detail |
| ၈ | တော်ဝင်နဂါးဆေးခန်း (မြောက်ဒဂုံ) | မြောက်ဒဂုံမြို့နယ်ရုံး | ၁၅၀၀ | Detail |
| ၉ | တော်ဝင်နဂါးဆေးခန်း (အင်းစိန်) | မင်္ဂလာဒုံမြို့နယ်ရုံး | ၁၇၄၄ | Detail |
| | | ရွှေပြည်သာမြို့နယ်ရုံး | ၁၆၅၆ | Detail |
| ၁၀ | မြသဇင်(ဟင်္သာတ) | ဟင်္သာတမြို့နယ်ရုံး | ၁၈၇၂ | Detail |